# “တရုတ်နိုင်ငံရောက် နိုင်ငံခြားသားများ”



ဩဂုတ်လ ၂၁ ရက်နေ့ နံနက်ပိုင်း၊ လီကျန်းမြို့စုဟော်မြို့ဟောင်းရှိ ပတ်ဝန်းကျင်ဆိတ်ငြိမ်သော လဟာပြင်မှ စားသောက်ဆိုင်တစ်ဆိုင် . . . ။ အဝေးမှ ယူလုံနှင်းတောင်ကို နေရောင်ခြည်နှင့်တိမ်ဖြူတို့ဖြင့် အလင်းအမှောင်ထွေးယှက်နေသောရှုခင်းအဖြစ် အလှဆင်လိုက်သည်။ လေညှင်းသည် ပန်းရနံ့များနှင့်အတူ တစ်ခါတစ်ရံ အနားမှ တိုက်ခတ်လာသည်။ အထူးမိတ်ဆွေတစ်ဦးကို ကျွန်တော်တို့ ငြိမ်သက်စွာစောင့်မျှော်နေသည်။ ယင်းမိတ်ဆွေမှာ အန်တုံနီအို (Antoio Giarola) ဖြစ်သည်။

အန်တုံနီအိုသည် အီတလီနိုင်ငံသားဖြစ်သည်။ လီကျန်းမြို့အတွက် နောက်ဆုံးပေါ်“ပျော်မြူးတက်ကြွမှုရှိုးပွဲ” အစီအစဉ်၏ ဒုတိယဒါရိုက်တာဖြစ်သည်။ ဥရောပရှိဆပ်ကပ်လောကမှ နာမည်ကျော်ပညာရှင်တစ်ဦးအဖြစ် ပြီးခဲ့သည့်နှစ်များအတွင်း အန်တုံနီအိုသည် သေသပ်ကောင်းမွန်သော ဆပ်ကပ်ဇာတ်ပွဲများတီထွင်ပြုလုပ်ရန်၊ ဆပ်ကပ်အနုပညာသုတေသနပြုရန် အစဉ်အားထုတ်လုံးပမ်းခဲ့သည်။

လက်ရှိတွင် ဆပ်ကပ်အနုပညာကို ဥရောပမှ တရုတ်နိုင်ငံသို့၊ ယူနန်ပြည်နယ်သို့၊ စုဟော်မြို့ဟောင်းသို့ ယူဆောင်လာနေဆဲဖြစ်သည်။

တစ်ခဏကြာသော် အန်တုံနီအိုသည်ချိန်းထားသည့်အတိုင်း စားသောက်ဆိုင်သို့ ရောက်ရှိလာတော့သည်။ ဖြူဖွေးသောဆံပင်၊ မီးခိုးရောင်အင်္ကျီ၊ လည်ပင်းတွင် ဂုန်ထည်လည်စည်းပုဝါအပါးတစ်ထည်ပတ်ထားသည်။ “Ciao!” (အီတလီဘာသာ“မင်္ဂလာပါ”)။ ကျွန်တော်တို့ရင်းနှီးစွာနှုတ်ဆက်ကြသည်။

“ဒီကလူတွေက စိတ်အရမ်းထက်သန်ပါတယ်။ အရမ်းခင်မင်ပါတယ်။ စိမ်းပြာရောင်နံရံနဲ့မီးခိုးရောင်အမိုး၊ ခြံဝင်းနဲ့လမ်းလေး၊ ဒါဟာကျွန်တော့်မျက်စိထဲက ကဗျာအဆန်ဆုံးတရုတ်နိုင်ငံပါ”။

အန်တုံနီအိုသည် လီကျန်းမြို့စုဟော်မြို့ဟောင်းအပေါ် ကောင်းချီးပြုသုံးသပ်ပေးသည်။ လီကျန်းမြို့တွင် တိမ်ဖြူနှင့်မိုးပြာရှိသည်၊ နှင်းတောင်နှင့်မြက်ခင်းရှိသည်၊ တသွင်သွင်စီးဆင်းနေသောချောင်းရေနှင့် ကြည်သာသောလရောင်ရှိသည်၊ တိုင်းရင်းသားလူနည်းစု(၁၆)စုတို့မှီတင်းနေထိုင်၍ ပေါင်းစည်းဖြစ်တည်လာသည့် ယဉ်ကျေးမှုလည်းရှိသည်။ ၎င်းတို့မှာ တန်ဖိုးမြင့်မားလှသော ခရီးသွားအရင်းအမြစ်များ ဖြစ်သည်။ “စင်စစ်မှာ ကျွန်တော်ဟာ လီကျန်းမြို့အပေါ် အရမ်းရင်းနှီးပါတယ်။ ဒီမှာ ဗင်းနစ်နဲ့ ခပ်ဆင်ဆင်ပဲ။ ရေစီးများဝိုင်းရံနေပြီး ပုံသဏ္ဌာန်လှပတဲ့ ခုံတံတားလည်းအများကြီးရှိပါတယ်”။

လီကျန်းအပေါ်၊ ယူနန်အပေါ် နှစ်ခြိုက်မှုအကြောင်းမှ စကားစပ်လာခဲ့ရာ အန်တုံနီအိုသည်ဆပ်ကပ်ဆိုင်ရာအကြောင်းအရာသို့ ချက်ချင်းပင် ပြန်ပြောလာတော့သည်။

အန်တုံနီအိုသည် အီတလီနိုင်ငံရွာလေးတစ်ရွာတွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။ ၎င်း၏ဖခင်သည် စာရင်းကိုင်တစ်ဦးဖြစ်သည်။ အိမ်တွင် သားသမီး(၇)ယောက်ရှိသည်။ တစ်နေ့ကဆပ်ကပ်အဖွဲ့တစ်ဖွဲ့သည် ၎င်းတို့နေထိုင်ရာမြို့လေးသို့ရောက်လာခဲ့သည်။ ဖခင်ကသားသမီး(၇)ယောက်ကို ခေါ်ဆောင်ပြီး ယင်းဆပ်ကပ်အဖွဲ့၏ တင်ဆက်ဖျော်ဖြေပွဲကို သွားကြည့်ခဲ့ကြသည်။ ယင်းဆပ်ကပ်အဖွဲ့မှာ သရုပ်ဆောင်ကလည်းနည်းပါး၊ အတိုင်းအတာလည်းကြီးကြီးမားမားမရှိပါ။ သို့သော် အန်တုံနီအိုက မြိန်ရည်ရှက်ရည် ကြည့်ရှုခဲ့သည်။ ဟာသနှောတတ်သောလူရွှင်တော်၊ ဝိုင်းကြီးပတ်ပတ်လည်နေသော မြင်းကြီးတို့သည် သူ့ကို ဆွဲဆောင်မိသည်။ ဆပ်ကပ်အဖွဲ့၏ ကိစ္စရပ်အားလုံးတို့သည် ၎င်းအတွက် ဆန်းပြားလှသည်၊ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ထိုနှစ်တွင် သူ့အသက်(၁၇)နှစ်ရှိပြီး ဆပ်ကပ်အတတ်နှင့်ပထမဆုံးအကြိမ်နီးကပ်စွာ ထိတွေ့ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် အန်တုံနီအိုအားတိုင်း ဆပ်ကပ်အဖွဲ့သို့ အမြဲသွားလည်လေ့ရှိသည်။ အချိန်ကြာလာသည်နှင့်အမျှ ၎င်းသည် ဆပ်ကပ်အဖွဲ့၏ပိုင်ရှင်နှင့်ရင်းနှီးလာပြီး နှစ်ယောက်တို့ကမိတ်ဆွေဖြစ်လာတော့သည်။ အန်တုံနီအိုသည် ယင်းဆပ်ကပ်အဖွဲ့မှတစ်ဆင့် မိမိနှင့်စိတ်ချင်းတူသဘောချင်းတူသော တရုတ်လုပ်ဖော်ဖြစ်သည့် လီကျန်းမြို့ရှိ “ပျော်မြူးတက်ကြွမှုရှိုးပွဲ” အစီအစဉ်၏ ဒါရိုက်တာချုပ်ဖြစ်သူ ကျယ်ကျိချန်နှင့်ဆုံမိသည်။

အစပိုင်းတွင် ကျယ်ကျိချန်သည် ဆပ်ကပ်သရုပ်ဆောင်တစ်ဦးသာဖြစ်သည်။ ဆပ်ကပ်အတတ်ထူးချွန်သောကြောင့်နောက်ပိုင်းတွင် ဆပ်ကပ်အတတ်ဆည်းပူးရန် အီတလီနိုင်ငံသို့ရောက်ရှိခဲ့သည်။

တရုတ်နိုင်ငံနှင့် အနောက်နိုင်ငံတို့၏ ဆပ်ကပ်ယဉ်ကျေးမှုများကို အပြန်အလှန်ဖလှယ်ရန် အာရုံစူးစိုက်၍ဆောင်ရွက်ခဲ့သည်။ ၎င်းတို့နှစ်ဦးတို့သည် ဆပ်ကပ်ကြောင့် ရေစက်ဆုံရခြင်းဖြစ်သည်။ ယခုအထိနှစ်(၂၀)ကျော်သိကျွမ်းခဲ့ပြီးဖြစ်သည်။ ဗင်းနစ်၊ ရောမ၊ ဗီယင်နာစသည့်ဒေသများသို့ အတူသွားခဲ့ကြသည်၊ အကဲဖြတ်ဒိုင်နှင့်ဒါရိုက်တာတာဝန်ကို အတူထမ်းဆောင်ခဲ့သည်၊ ဆပ်ကပ်အကြောင်းနှင့် စကားစပ်မိသည်နှင့် နှစ်ယောက်စလုံးသည် အားကြွလာလေ့ရှိသည်။ ၎င်းတို့နှစ်ယောက်က ဆပ်ကပ်အပေါ် မည်မျှနှစ်ခြိုက်သည်၊ မည်မျှကြိုးစားသည်ကို တွေ့မြင်နိုင်သည်။ ၎င်းတို့၏ အတွေးအခေါ်ချင်း အကြိမ်ကြိမ်ပြင်းထန်စွာ ထိတွေ့ရာမှ များပြားလှသောညဏ်စွမ်းကို မြှင့်တင်လာရခြင်းဖြစ်သည်။ ၎င်းတို့သည် တီထွင်ကြံဆခဲ့သမျှဖြစ်စဉ်ကို အားရပါးရခံစားလျက်ရှိနေသည်။

ယခုအကြိမ်တွင် သူတို့နှစ်ယောက်လက်တွဲ၍ တင်ယဲ့ကုမ္ပဏီအုပ်စုနှင့် ပူးပေါင်းပြီး လီကျန်းမြို့၏ “ပျော်မြူးတက်ကြွမှုရှိုးပွဲ”လုပ်ကိုင်ဆောင်ရွက်ကြသည်။ “ဥရောပသမားရိုးကျဆပ်ကပ်ရဲ့အခြေခံပေါ်မှာဆန်းသစ်တီထွင်မှု၊ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ပြီး ယခုအကြိမ် ‘ပျော်မြူးတက်ကြွမှုရှိုးပွဲ’ရဲ့မျက်စိပသာဒမှာ အများကြီးရှိတယ်။ ဆုံလည်ဇာတ်ခုံ၊ ရေပန်းရှုခင်း၊ ပတ္တူခုတင်ခုန်မှုနဲ့နံရံတက်မှုစတဲ့ မှုပိုင်တီထွင်မှုဒြပ်စင်များဟာ ထူးထူးဆန်းဆန်းရှိတဲ့အပြင် အရည်အချင်းလည်းမြင့်မားလှတယ်။

ခေတ်ရေစီးကြောင်းဦးဆောင်နိုင်ဖွယ်ရှိတယ်”ဟုအန်တုံနီအိုက ကျေနပ်စွာပြောသည်။ ထို့ပြင် “ယခုအကြိမ်‘ပျော်မြူးတက်ကြွမှုရှိုးပွဲ’မှာ ‘မဖြစ်နိုင်ခြေ’ အများကြီးပြုလုပ်လိုက်တယ်။ အမြင့် ၂၃ မီတာ (၈ထပ်တိုက်အမြင့်ခန့်)ရှိတဲ့ ဆပ်ကပ်ဇာတ်ရုံအပါအဝင် ဥရောပကထွက်ခွာပြီး ကွမ်တုံးကတစ်ဆင့် ဟိုင်နန်သို့ သင်္ဘောနဲ့ပြောင်းတင်ရတယ်။ နောက်မှ ကုန်းလမ်းအတိုင်းပို့ဆောင်လာတယ်။ နှစ်လကျော်ကြာခဲ့ပြီးနောက်ဆုံးမှ လီကျန်းမြို့သို့ ရောက်လာတယ်” ဟုကျယ်ကျိချန်က မိတ်ဆက်လိုက်သည်။ ယင်းပြီးပြည့်စုံသော ကြိုးပမ်းမှုများအတွက် အလိုက်တလဲ့ဖြစ်မိသည်။

လီကျန်းမြို့၏“ပျော်မြူးတက်ကြွမှုရှိုးပွဲ”သည် “တစ်အိမ်လုံးပျော်မြူးရန်” ဟူသောဆောင်ပုဒ်ကို ထင်ရှားပေါ်လွင်အောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တင်ဆက်ပွဲတစ်ခုလုံးမှာ ပျော်ရွှင်နွေးထွေးသော အငွေ့အသက်ဖန်တီးပေးပြီး တစ်အိမ်သားလုံး အတူကြည့်ရှုခံစားရန် သင့်တော်သည်။ “ကျွန်တော်တို့ဟာ စုဟော်မြို့ဟောင်းကို ဆပ်ကပ်အနုပညာတီထွင်ဖန်တီးတဲ့၊ လုပ်ငန်းကိုင်ငန်းဖွံ့ဖြိုးတိုးတက်တဲ့စမှတ်သစ်အဖြစ် လုပ်ဆောင်သွားမယ်။ ကျွန်တော်တို့ဟာ စုဟော်၊ လီကျန်းနှင့်ယူနန်ပြည်နယ်ရဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအလားအလာအတွက် ယုံကြည်စိတ်ရှိပါတယ်”။ အန်တုံနီအိုသည် အနုပညာစတိုင်လ်အပြည့်ပါရှိသော လက်ဟန်ခြေဟန်ဖြင့် ပြောသည်။

သတင်းဆောင်ပါးနှင့်ဓာတ်ပုံ
- ချူတိုးဟွာ။